MIFER


ရင်းနှီးမြှုပ်နှံမှုသတင်းလွှာ

MIFER Newsletter
No: 6, Vol: 2/2025

ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (သောကြာနေ့)

စင်ကာပူနိုင်ငံ၊ ချီလီနိုင်ငံနှင့် နယူးဇီလန် နိုင်ငံတို့အကြား Green Economy Partnership Agreement စတင်ည်နှိုင်း

စာမျက်နှာ ၁



တရုတ်နိုင်ငံမှ ဂါလီယံ၊ ဂျာမေနီယမ်နှင့် ဆနောက်စိမ်းသတ္တုဖြည်စင်များကို အမေရိကန်နိုင်ငံသို့ တင်ပို့ရန် တားမြစ်ထားခြင်းမှ အကန့်အသတ်ဖြင့် ပြန်လည်ခွင့်ပြု

စာမျက်နှာ ၁၅



အိန္ဒိယနှင့် နယူးဇီလန်တို့သည် အောကလန်ဖြို့တွင် စတုတ္ထအကြိမ်မြောက် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ် (FTA) ဆွေးနွေးပွဲများစတင်

စာမျက်နှာ ၁၈



Elon Musk သည် “Wikipedia” ၏ အခြားရွေးချယ်စရာ တစ်ခုအဖြစ် “Grokipedia” ကို စတင်ကြေညာ

စာမျက်နှာ ၂၁



သတင်းများ


စင်ကာပူနိုင်ငံ၊ ချီလီနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့အကြား Green Economy Partnership Agreement စတင်ညှိနှိုင်း	ဒေါ်သွယ်သွယ်ဆုတင် (DICA)	၁
လိုင်စင်ရ ခရီးသွားအေဂျင်စီများနှင့်သာ ခရီးသွားဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ကြရန် စင်ကာပူ ခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ အကြံပြု	ဒေါ်သွယ်သွယ်ဆုတင် (DICA)	၂
ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးလ (Cybersecurity Awareness Month)	ဒေါ်ခင်ငြိမ်းငြိမ်းဝင်းစံ (DICA)	၃
တရုတ်နိုင်ငံမှ ရုရှားနိုင်ငံကို ထောက်ပံ့ပေးခြင်းသည် အနောက်နိုင်ငံများက ယူကရိန်းနိုင်ငံအား ပံ့ပိုးသလောက် သာရှိကြောင်း ပြောကြား	ဒေါ်မြတ်အိန္ဒြေခိုင် (UMO)	၁၁
ကမ္ဘာ့ကုန်သွယ်ရေး မူဝါဒ ပြောင်းလဲမှုများကို တိုင်းတာရန် ညွှန်းကိန်းအသစ်ကို ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့မှ စီးပွားရေး ပညာရှင်များက ဖော်ထုတ်	ဦးအောင်မြင့်သန့် (FERD)	၁၃
တရုတ်နိုင်ငံမှ ဂါလီယံ၊ ဂျာမေနီယမ်နှင့် ခနောက်စိမ်း သတ္တုဖြေပစ်များကို အမေရိကန်နိုင်ငံသို့တင်ပို့ရန် တားမြစ်ထားရာမှ အကန့်အသတ်ဖြင့်ပြန်လည်ခွင့်ပြု	ဒေါ်ထက်နန္ဒာကျော် (FERD)	၁၅
လာအိုနိုင်ငံက ပထမဆုံးဒစ်ဂျစ်တယ်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူ	ဦးလှမိုးသူ (FERD)	၁၆
အိန္ဒိယနှင့် နယူးဇီလန်တို့သည် အောကလန်မြို့တွင် စတုတ္ထအကြိမ်မြောက် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ် (FTA) ဆွေးနွေးပွဲများစတင်	ဒေါ်နီလာဝင်း (FERD)	၁၈

သတင်းများ

အီဂျစ်ယဉ်ကျေးမှု တစ်ခုတည်းကိုသာပြသသည့် ကမ္ဘာ့အကြီးဆုံး ပြတိုက်ကြီး ဖွင့်လှစ်	ဒေါ်ထက်ထက်လွင် (FERD)	၁၉
Singapore Pools ကုမ္ပဏီက အီလက်ထရောနစ် ငွေပေးချေမှုများအတွက် ငွေလွှဲပြောင်းကြေးများ ကောက်ခံ	ဦးထွန်းပြည့်စုံအောင် (FERD)	၂၀
Elon Musk သည် “Wikipedia” ၏ အခြားရွေးချယ်စရာတစ်ခုအဖြစ် “Grokipedia” ကို စတင်ကြေညာ	ဒေါ်စိုးမြတ်သန္တာ (FERD)	၂၁
ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ ဟာနီဒါလေဆိပ်တွင် ဒီဇင်ဘာလမှစ၍ ခရီးသွား ဆွဲဆောင်မှုအဖြစ် ကမ္ဘာ့အကြီးဆုံး ဧရာမဂေါ်ဇီလာရုပ်တု ထားရှိမည်	ဒေါ်စန်းစန်းမာ (FERD)	၂၃
ထရမ့်ကိုယ်တိုင်ပြန်လှန်စစ်ဆေးခြင်း- ၎င်း၏ကုန်သွယ်ခွန်ဝန်ထုတ်ဝန်ပိုးကို အမေရိကန်များ ခံနေရသလား	ဒေါ်ကေခိုင်ဦး (UMO)	၂၄

စင်ကာပူနိုင်ငံ၊ ချီလီနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့အကြား Green Economy Partnership Agreement စတင်ည့ှိနှိုင်း

ကိုရီးယားနိုင်ငံ၊ Gyeongjy မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် APEC စီးပွားရေး ခေါင်းဆောင်များ သတင်းပတ် (APEC Economic Leaders' Week) တွင် စင်ကာပူ နိုင်ငံဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး Lawrence Wong ၊ ချီလီနိုင်ငံ သမ္မတ Gabriel Boric နှင့် နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် Christopher Luxon တို့က စင်ကာပူနိုင်ငံ၊ ချီလီနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့အကြား ပတ်ဝန်းကျင် ထိခိုက်မှုကို လျော့ချနိုင်သည့်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့် စီးပွားရေး ပူးပေါင်းမှု သဘောတူစာချုပ် (Green Economy Partnership Agreement – GEPA) ည့ှိနှိုင်းမှုများ စတင်ကြောင်း ကြေညာခဲ့ပါသည်။



အဆိုပါကြေညာမှုသည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလက ဖွဲ့စည်းခဲ့သည့် ကုန်သွယ်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ချနိုင်သည့်၊ သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့် စီးပွားရေးဆိုင်ရာ ပူးတွဲလုပ်ငန်း အဖွဲ့တွင် ၃ နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါသည်။ ပူးတွဲလုပ်ငန်းအဖွဲ့သည် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ချနိုင်သည့်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျော ညီထွေမှု ရှိသည့် စီးပွားရေးတွင် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် ပြဿနာရပ်များအပေါ် ၃ နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ဖြစ်နိုင်ချေရှိသည့် ဆောင်ရွက်မှုအသစ်တစ်ခုအတွက် အဆိုပြုချက်များကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။

ဝန်ကြီးချုပ် Lawrence Wong က **"စင်ကာပူနိုင်ငံ၊ ချီလီနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် ဦးဆောင်တီထွင်ဆန်းသစ်နိုင်မှုရှိပြီး အနာဂတ်ကို ရှေးရှုသည့် သဘောတူစာချုပ်များရှိကြောင်း၊ GEPA သည် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ချနိုင်သည့်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့် စီးပွားရေးတွင် စံနှုန်းအသစ်များချမှတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု နည်းပါးသည့်အနာဂတ်သို့ ဦးတည်ရာတွင် မိမိတို့၏ကတိကဝတ်များကို ထင်ဟပ်စေမည်ဖြစ်ကြောင်း"** ပြောကြားခဲ့ပါသည်။

DEPA အရ ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိသည့် နယ်ပယ်များမှာ

ရေရှည်တည်တံ့သည့် လေယာဉ်ဆီ၊ carbon credits နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် အသိအမှတ်ပြု လက်မှတ်၊ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့်ရာသီဥတု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများစသည်တို့ဖြစ်ပါသည်။

Source: Ministry of Trade and Industry, Singapore

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

လိုင်စင်ရ ခရီးသွားအေဂျင်စီများနှင့်သာ ခရီးသွားဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ကြရန် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ အကြံပြု

လိုင်စင်ရ ခရီးသွားအေဂျင်စီများနှင့်သာ ခရီးသွားဆိုင်ရာ ကိစ္စရပ်များ အတွက် ငွေပေးချေခြင်းများ ဆောင်ရွက်ကြရန် စင်ကာပူခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့က အကြံပြုထားပါသည်။

Mr. Lim Yin Shoon ၊ I-Travel Pte. Ltd နှင့် Like Travel Pte. Ltd တို့သည် လေယာဉ်လက်မှတ်၊ ကားလက်မှတ်၊ ခရီးသွားနေရာများသို့ ဝင်ခွင့် လက်မှတ်၊ ဟိုတယ်အခန်းငှားရမ်းခြင်းစသည့် ခရီးသွားဆိုင်ရာအမျိုးအစားများ (travel products) ကို ဆောင်ရွက်ပေးမည်ဟု ကမ်းလှမ်းမှုကြောင့် စင်ကာပူ ခရီးသွားလုပ်ငန်းဘုတ် အဖွဲ့က သတိထားမိခြင်းဖြစ်ပြီး အဆိုပါကုမ္ပဏီ ၂ ခု နှင့် လူပုဂ္ဂိုလ်တို့သည် လိုင်စင်ရခရီးသွား လုပ်ငန်းအေးဂျင်္ဂများ မဟုတ်ကြောင်းနှင့် လက်ရှိတွင်စုံစမ်းစစ်ဆေးလျက် ရှိကြောင်း စင်ကာပူခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့က သတင်းထုတ်ပြန်ထားပါသည်။



လိုင်စင်မရှိဘဲ ခရီးသွားလုပ်ငန်း အေးဂျင်္ဂလုပ်ကိုင်ပါက ခရီးသွားလုပ်ငန်း အေးဂျင်္ဂများ အက်ဥပဒေ ၁၉၇၅ (the Travel Agents Act 1975) ၏ ပုဒ်မ ၆(၂) အရ ပြစ်မှုမြောက်ပြီး ငွေဒဏ် စင်ကာပူ ဒေါ်လာ ၂၅,၀၀၀ သို့မဟုတ် ထောင်ဒဏ် ၂ နှစ်သို့မဟုတ်ငွေဒဏ်နှင့်ထောင်ဒဏ် ၂ ရပ်လုံး ကျခံရမည် ဖြစ်ပါသည်။ ခရီးသွားများ အနေဖြင့် TRUST ဝက်ဆိုဒ်ရှိ Travel

Agents directory မှတစ်ဆင့်လိုင်စင်ရ ခရီးသွားလုပ်ငန်းအေးဂျင့်များကို သိရှိနိုင်မည်ဖြစ်ပါသည်။

လိုင်စင်မရှိသည့် ခရီးသွားလုပ်ငန်းအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ရာမှ မလိုလားအပ်သော ကိစ္စရပ်များကို ရှောင်ရှားနိုင်ရန်၊ စင်ကာပူနိုင်ငံ၏အဓိကစီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍ၏ ပုံရိပ်ထိခိုက်လာနိုင်မှုကို ကာကွယ်ရန်၊ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ ဥပဒေအာဏာသက်ဝင်မှု အားကောင်းစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source: စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့် ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးလ
(Cybersecurity Awareness Month)



အွန်လိုင်းအသုံးပြုရာတွင် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်နှင့် လူတစ်ဦးတစ်ယောက်ချင်းစီနှင့် စီးပွားရေး လုပ်ငန်းများအနေဖြင့် ဆိုက်ဘာ ရာဇဝတ်မှု အန္တရာယ်များမှ မိမိတို့ကိုယ်ကို ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့် အသိပညာ ပေးမှုများကို မြှင့်တင်နိုင်ရေး ရည်ရွယ်၍ နှစ်စဉ် အောက်တိုဘာလကို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးလ (Cybersecurity Awareness Month) အဖြစ် သတ်မှတ်၍ ကမ္ဘာလုံးဆိုင်ရာ သတိပေးချက်အနေဖြင့်ကျင်းပလျက်ရှိပါသည်။

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးလ လှုပ်ရှားမှု စတင်ဖြစ်ပေါ်ခဲ့ပုံ


ဒီဂျစ်တယ်ဘဝများကို လုံခြုံစေရန်ရည်ရွယ်၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးလ လှုပ်ရှားမှုကို အမေရိကန်နိုင်ငံ၊ Department of Homeland Security နှင့် National Cyber Security Alliance တို့က ၂၀၀၄

ခုနှစ်၊ အောက်တိုဘာလတွင် စတင်ခဲ့ပါသည်။ အဆိုပါ လှုပ်ရှားမှုသည် ကမ္ဘာတစ်ဝန်း ကျယ်ပြန့်လာခဲ့ပြီး နှစ်စဉ်အောက်တိုဘာလတိုင်းတွင် ကမ္ဘာတစ်ဝှမ်းရှိ အဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်များသည် အွန်လိုင်းအသုံးပြုမှု လုံခြုံစေရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများကို မြှင့်တင်ရန်နှင့် ဒီဂျစ်တယ်လုံခြုံရေး၏ အရေးပါမှုကို မီးမောင်းထိုးပြရန်အတွက် Cybersecurity Awareness Month ကို ကျင်းပလျက် ရှိပါသည်။

ဆိုက်ဘာခြိမ်းခြောက်မှုများအနေဖြင့် ယခင်ကထက် ပိုမိုများပြားလာပြီး မြန်ဆန်စွာ ပြောင်းလဲတိုးတက် မြန်ဆန်လာသည်နှင့်အမျှ ဆိုက်ဘာလုံခြုံရေးကို နည်းပညာဆိုင်ရာ တာဝန်တစ်ခုအနေဖြင့် မဟုတ်ဘဲ အချိန်နှင့်တစ်ပြေးညီ သတိပေးချက်တစ်ရပ်အနေဖြင့် အချိန်ပြည့်ဆောင်ရွက်ရန်၊ လူတစ်ဦးချင်း၊ စီးပွားရေး လုပ်ငန်းများနှင့် အစိုးရများအကြား မျှဝေဆောင်ရွက်သင့်သည့် တာဝန်တစ်ခု ဖြစ်ကြောင်းသိစေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပြီး အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများနှင့် ပညာရေး ဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် ကမ္ဘာတစ်ဝန်းမှ ပါဝင်သူများစွာ ပါဝင် ဆောင်ရွက် လျက်ရှိပါသည်။

၂၀၂၅ ခုနှစ် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးလအတွက် ဆောင်ပုဒ်နှင့် အသိပေး ဆောင်ရွက်မှုများ

ယခုနှစ် ဆိုက်ဘာလုံခြုံရေး အသိပညာပေးလ ၂၀၂၅ ခုနှစ်အတွက် ကမ်ပိန်း ဆောင်ပုဒ်မှာ **“Stay Safe Online - အွန်လိုင်းတွင် လုံခြုံစိတ်ချစွာနေပါ”** ဖြစ်ပြီး ဤဆောင်ပုဒ်သည် လူတစ်ဦးချင်းစီတိုင်း၏ ဒီဂျစ်တယ် အသုံးပြုမှုဘဝများကို ကာကွယ်ရန်အတွက် လက်တွေ့ကျသော၊ နေ့စဉ်ဆောင်ရွက်သင့်သည့် အခြေခံ ဆောင်ရွက်နိုင်သည့်အချက်များကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ယခင်နှစ်များက ဆိုက်ဘာလုံခြုံရေးလများတွင် ဆိုက်ဘာလုံခြုံရေး အသိပညာပေးမှုများကို မီးမောင်းထိုးပြ လျက်ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်အတွက် ဆောင်ပုဒ်သည် တစ်ဦးချင်းစီက စတင်ဆောင်ရွက်နိုင်သော ရိုးရှင်းသည့် လုပ်ဆောင်ချက်များအပေါ် အဓိကထား လုပ်ဆောင်ခြင်းဖြင့် မိမိတစ်ဦးချင်း၊ မိသားစု၊ လုပ်ငန်းခွင်နှင့်



မိမိတို့ ပတ်ဝန်းကျင် အသိုက် အဝန်းအားလုံးအတွက် ဆိုက်ဘာ လုံခြုံ ရေးဆိုင်ရာ အဓိပ္ပါယ်ရှိသော ခြားနားချက်တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်သည်ဟု အလေး ပေးဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ် ကမ်ပိန်း သည် **"Core 4"** ဟုခေါ်သည့် အွန်လိုင်းအသုံးပြုရာတွင် လုံခြုံရေးအတွက် လူတိုင်းဆောင်ရွက်နိုင်သော ရိုးရှင်း လွယ်ကူသည့်

(က) Use strong passwords and a password manager. (ခိုင်မာ သော စကားဝှက်များကို ဖန်တီးခြင်းနှင့် စကားဝှက်မန်နေဂျာကို အသုံးပြုခြင်း) ၊

(ခ) Turn on multifactor authentication. (စစ်မှန်ကြောင်းအထောက် အထား ပြနိုင်စေရန် နည်းလမ်းများ အသုံးပြုခြင်း)၊

(ဂ) Recognize and report scams. (လိမ်လည်မှုများကို အမှုမဲ့အမှတ်မဲ့ မနေဘဲသတိပြုဆောင်ရွက်ခြင်း၊ သက်ဆိုင်သူများထံ သတင်းပို့ခြင်း) နှင့်

(ဃ) Keep your software updated. (ဆော့ဖ်ဝဲအပ်ဒိတ်များ ပြုလုပ် ခြင်း) လုပ်ငန်းစဉ် ၄ ခုကို အဓိကထား ဆောင်ရွက်ရန် ဦးစားပေး တိုက်တွန်းဖော်ပြထားပြီး ဤနည်းလမ်းများသည် အင်တာနက် အသုံးပြုရာတွင် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုရှိရန်မလိုဘဲ လူတိုင်း ပိုမိုလုံခြုံစွာ အသုံးပြုနိုင်ရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အဓိကဖြစ်ရပ်များ၊ ကိန်း ဂဏာန်း ဆိုင်ရာအချက်အလက်များနှင့် အဓိကထား ဆောင်ရွက်သင့်သည့် ဆိုက်ဘာ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ

၂၀၂၅ ခုနှစ်၏ ၁၀ လတာ ကာလအတွင်း ဆိုက်ဘာလုံခြုံရေး အန္တရာယ် ရှိမှုများနှင့် ကမ္ဘာ့အကြီးမားဆုံး အဖွဲ့အစည်းများအနေဖြင့် ကြုံတွေ့နေရသည့် သိသာထင်ရှားသော ဆိုက်ဘာလုံခြုံရေးစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် အဓိကထား ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဆိုက်ဘာ လုံခြုံရေးဆိုင်ရာ အဓိကဖြစ်ရပ်များ၊ ကိန်းဂဏာန်းဆိုင်ရာအချက်အလက်များနှင့် အဓိကထား ဆောင်ရွက်သင့်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို သိရှိ လေ့လာနိုင်ရန် ဖော်ပြအပ်ပါသည်-

(က) ဆိုက်ဘာလုံခြုံရေးအတွက် ဘတ်ဂျက်များ အကန့်အသတ်ရှိနေခြင်း

IANS ၏ 2025 Security Budget Summary Report အစီရင်ခံစာအရ AI ၏ အခန်းကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်ကြီးထွားလာခြင်းနှင့်အတူ ဆိုက်ဘာတိုက်ခိုက်မှုများ နေ့စဉ်တိုးပွားလာနေသော်လည်း ဆိုင်ဘာလုံခြုံရေးအတွက် ဘတ်ဂျက်အသုံးပြုမှုမှာ တိုးတက်လာခြင်းမရှိဘဲ ပုံမှန်အခြေအနေသာရှိနေကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ဆိုက်ဘာလုံခြုံရေးအတွက် ဘတ်ဂျက်အသုံးပြုမှုသည် ၁၇ ရာခိုင်နှုန်းအထိ တိုးတက်မှုနှုန်းရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၄ ရာခိုင်နှုန်းသာ သုံးစွဲလျက်ရှိကြောင်း၊ ဆိုက်ဘာလုံခြုံရေး ဆိုင်ရာကိစ္စရပ်များအတွက် ဘတ်ဂျက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် အခြေအနေကို ထောက်ပြခဲ့ကြပါသည်။

(ခ) AI အေးဂျင့်များကြောင့် ခြိမ်းခြောက်မှုအဆင့်များ မြင့်တက်လာခြင်း

AI ကို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကာကွယ်ရေး ကျွမ်းကျင်သူများက ဆိုက်ဘာလုံခြုံရေး အဆင့်မြှင့်တင်ခြင်းအတွက် အသုံးပြုနေသကဲ့သို့ တိုက်ခိုက်သူများ (Threat Actors) ကလည်း အသုံးပြုမှု မြင့်တက်လာလျက် ရှိပါသည်။ World Economic Forum ၏ Artificial Intelligence and Cybersecurity: Balancing Risks and Rewards အစီရင်ခံစာအရ Generative AI ကို အဆင့်မြှင့် Phishing တိုက်ခိုက်မှုများ၊ အဖျက်အမှောင့် လုပ်ငန်းစဉ်များ (Identity Theft) နှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များရှိနေသည့် Zero-day Exploits များအတွက် ပိုမို အသုံးပြုလာကြလျက်ရှိကြောင်း သိရှိရပါသည်။ Claude Chatbot ၏ ဖန်တီးသူ ဖြစ်သည့် Anthropic ကလည်း ဟက်ကာများအနေဖြင့် ၎င်းတို့ တီထွင်ထားသည့် Claude Chatbot AI ကို လက်နက်အဖြစ် အသုံးချနေကြသည်ဟု သတိပေးပြောကြားခဲ့ပါသည်။

(ဂ) အသုံးပြုသူများ၏ ယုံကြည်မှုကို အသုံးချခြင်း

Scattered Spider ဟုခေါ်သော ဟက်ကာအဖွဲ့ကို Allianz, Qantas, Marks & Spencer (M&S), Victoria's Secret နှင့် Whole Foods စသည့် ကုမ္ပဏီများအပေါ်တွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သူများ ဖြစ်နိုင်သည်ဟု ယူဆထားကြပြီး ထိုအဖွဲ့သည် လူမှုရေး ဆိုင်ရာလှည့်ဖြားနည်းများ (Social Engineering Techniques) ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူများ ဖြစ်ကြောင်းသိရှိရပါသည်။ ၎င်းတို့သည် ကော်ပိုရိတ်အိုင်တီစနစ်များ၊ ကုမ္ပဏီများ၏ IT စနစ်များသို့ အသုံးပြုခွင့် ဝင်ရောက်ခွင့်ရရှိရန်အတွက် ဝန်ထမ်းများ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနေဖြင့် ဝင်ရောက်၍ အချက်အလက်များကို ရယူနိုင်ရေး ကြိုးပမ်းလေ့ရှိပါသည်။

(ဃ) Deepfake များသည် ဆိုက်ဘာ ရာဇဝတ်မှုကျူးလွန်သူများ၏ အဓိက နည်းလမ်းတစ်ခုဖြစ်လာခြင်း

Deepfake နည်းပညာဆိုသည်မှာ ဓာတ်ပုံ၊ ဗီဒီယို၊ အသံအတုများ ဖန်တီးသည့် AI နည်းပညာတစ်ခုဖြစ်ပြီး ဆိုက်ဘာရာဇဝတ်မှု ကျူးလွန်သည့် အဖွဲ့တစ်ဖွဲ့က British Engineering Firm ကုမ္ပဏီ၏ အကြီးတန်းအရာရှိများ၏ သွင်ပြင်ကို AI ဖြင့် ဖန်တီးထားသော မျက်နှာပုံနှင့် အသံကိုအသုံးပြုကာ ဗီဒီယိုခေါ်ဆို အသုံးပြု၍ ငွေစာရင်း ဝန်ထမ်းတစ်ဦးအား လှည့်ဖြားခြင်းဖြင့် အမေရိကန် ဒေါ်လာ ၂၅ သန်း လွှဲပြောင်းစေရန် အောင်မြင်စွာ လှည့်ဖြားဆောင်ရွက်နိုင်ခဲ့ကြောင်း၊ Deepfake နည်းပညာ အနေဖြင့် လူမှုရေးလှည့်ဖြားနည်းများ(Social Engineering) အတွက် ပိုမိုအသုံးဝင်လာစေကြောင်းနှင့် ဗြိတိန်အခြေစိုက် အင်ဂျင်နီယာအဖွဲ့အစည်း Arup အနေဖြင့်လည်း ၂၀၂၅ ခုနှစ် အစောပိုင်းတွင် အဆိုပါနည်းပညာကြောင့် ထိခိုက်မှုကြုံတွေ့ခဲ့ရကြောင်းနှင့် အလားတူလှည့်ဖြားမှုတစ်ခုကို Ferrari ကုမ္ပဏီတွင်လည်း ရာဇဝတ်မှုပြုလုပ် သူများက CEO Benedetto Vigna ၏ AI ဖန်တီးထားသော အသံကို အသုံးပြုပြီး ဝန်ထမ်းအများစုကို ယုံကြည်သွားအောင် လှည့်ဖြားခဲ့ကြကြောင်း သိရှိရပါသည်။

(c) Ransomware တိုက်ခိုက်ခံရမှုများ

၂၀၂၅ ခုနှစ်၊ ဧပြီလတွင် ဗြိတိန်နိုင်ငံမှ လက်လီရောင်းချသည့် ကုမ္ပဏီကြီးတစ်ခု ဖြစ်သည့် Marks & Spencer (M&S) သည် Ransomware တိုက်ခိုက်ခံရမှုကြောင့် ၎င်း၏ Click-and-Collect (အွန်လိုင်းမှမှာယူပြီး ဆိုင်တွင် လာရောက်ယူဆောင်ရသော) ဝန်ဆောင်မှုစနစ်ကို ရက်သတ္တပတ် ၁၅ ရက်ကြာ လုံးဝရပ်နား ခဲ့ရပြီး ဩဂုတ်လမှသာ ထိုဝန်ဆောင်မှုကို ပြန်လည်စတင် နိုင်ခဲ့သောကြောင့် ကုမ္ပဏီအနေဖြင့်အမြတ်ငွေ အမေရိကန် ဒေါ်လာသန်း ၃၀၀ ခန့် နစ်နာခဲ့ရပါသည်။

(စ) ဆိုင်ဘာလုံခြုံရေးဥပဒေများကို ပိုမိုအသက်ဝင်လာအောင်ဆောင်ရွက်ခြင်း

ဆိုင်ဘာရာဇဝတ်မှုများ ပိုမိုတိုးပွားလာသည်နှင့်အမျှ နိုင်ငံအများစုရှိ အစိုးရအဖွဲ့ အစည်းများအနေဖြင့် ဆိုက်ဘာ လုံခြုံရေးတုံ့ပြန်နိုင်မှု (Cyber Resilience) ကို မြှင့်တင်ရန် ဥပဒေစနစ်များကို ခိုင်မာအောင် ပြင်ဆင်ရေးဆွဲလာကြပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ဥရောပသမဂ္ဂ (EU) မှ Digital Operational Resilience Act၊ Cyber Resilience Act နှင့် AI Act တို့အပါအဝင် ဆိုက်ဘာလုံခြုံရေးအတွက် ဥပဒေများစွာကို ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်နှင့် ဒီဂျစ်တယ်လုံခြုံရေးနယ်ပယ်အတွက် မူဝါဒတစ်ခုချင်းစီအား တိုးတက်အောင် ပြုလုပ်ရန်ရည်ရွယ်ထား

ကြပါသည်။ ထို့အပြင် ဥရောပသမဂ္ဂကောင်စီ(EU Council) သည်လည်း Cyber Crisis Management Blueprint (ဆိုင်ဘာလုံခြုံရေး အရေးပေါ် အထောက်အကူ စနစ်) ကို ပြန်လည်ပြင်ဆင်ကာ အမေရိကန်နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအခြေခံ အဆောက်အအုံများအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်ရေးနှင့် ကုမ္ပဏီများကို အထောက်အပံ့ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

(ဆ) အစိုးရဌာနများအနေဖြင့် ဆိုက်ဘာကာကွယ်ရေးအတွက် AI ကို အသုံးပြုလာခြင်း

တစ်ချိန်တည်းတွင် ChatGPT ၏ တည်ထောင်သူဖြစ်သည့် OpenAI သည် အမေရိကန်ဒေါ်လာသန်း ၂၀၀ စာချုပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အမေရိကန်နိုင်ငံ၏ လုံခြုံရေးဌာန (US Department of Defense) နှင့် ပူးပေါင်းကာ ဆိုက်ဘာကာကွယ်ရေး အပါအဝင် ၎င်း၏ AI စွမ်းရည်ကိုမြှင့်တင်မှုများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိပါသည်။ ဥရောပတစ်ဝန်းတွင် ဆိုက်ဘာတိုက်ခိုက်မှုများ အရှိန်အဟုန်မြင့် လာပြီးနောက် Microsoft အနေဖြင့်လည်း ဥရောပနိုင်ငံများ၏ အစိုးရများအတွက် ဆိုက်ဘာလုံခြုံရေး ဝန်ဆောင်မှုများ အခမဲ့ပေးအပ်သွားလိုကြောင်း ကမ်းလှမ်းခဲ့ပါသည်။

(ဇ) ဆိုင်ဘာရာဇဝတ်မှုများ ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များဖြစ်လာခြင်း

Scattered Spider ဟုခေါ်သော ဟက်ကာအဖွဲ့မှ လုပ်ဆောင်သည်ဟုယူဆထားသော ဆိုက်ဘာလုံခြုံရေး တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ဆိုက်ဘာရာဇဝတ်မှုများသည် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်တစ်ခုဖြစ်လာကြောင်း ပိုမိုသိသာထင်ရှားလာစေပါသည်။ ဤအန္တရာယ်ကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နိုင်ငံရပ်ခြား နယ်နိမိတ်များအထိ ကမ္ဘာလုံးဆိုင်ရာ ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက် ခြင်း (Global Collaboration) သည် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်လာပြီး ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် INTERPOL နှင့် AFRIPOL တို့က နိုင်ငံပေါင်း ၁၈ နိုင်ငံအတူ ပူးပေါင်း၍ အင်ဂိုလာ (Angola)တွင် တည်ရှိသော Crypto-currency လိမ်လည်ခြင်း လုပ်ငန်း ၂၅ ခုကို တိုက်ဖျက်နိုင်ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်တွင် ဖမ်းဆီးခံရသူ ၁၂၀၀ ဦးနှင့် လိမ်လည်ခံရသည့် ငွေကြေးပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၇ သန်းကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း World Economic Forum (WEF) ထုတ်ပြန်ခဲ့ပါသည်။

(ဈ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စွမ်းရည်ပြတ်လပ်မှုများကို ဖြေရှင်းခြင်း

ဆိုက်ဘာရာဇဝတ်မှုများအတွက် ပြန်လည်တုံ့ပြန် ဖြေရှင်းနိုင်ရေးအတွက်

အရည်အချင်းပိုင်းဆိုင်ရာ လိုအပ်မှု၊ အရည်အချင်းပြည့်မီသူများ လိုအပ်ချက်များသည် အဖွဲ့အစည်းများ၏ ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် အဓိကအတားအဆီးတစ်ခုဖြစ်ပါသည်။ Global Cybersecurity Outlook 2025 အစီရင်ခံစာအရ အဖွဲ့အစည်းများတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူအရေအတွက် ၁၄ ရာခိုင်နှုန်းခန့်သာရှိသည်ဟု ဖော်ပြထားပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လိုအပ်ချက်ပိုမိုများပြားလျက်ရှိကြောင်း သိရှိရပါ သည်။

(ည) ဥရောပလေဆိပ်များတွင် ကြုံတွေ့ခဲ့သည့် နိုင်ငံတကာ ခရီးသွားလာမှုဆိုင်ရာ အနှောင့်အယှက်များ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလနှောင်းပိုင်းတွင် လန်ဒန် ဟီသရိုး၊ ဘာလင်၊ ဒဗ္ဗလင်နှင့် ဘရပ်ဆဲလ်တို့အပါအဝင် ဥရောပလေဆိပ် အများအပြားတွင် Check-in စနစ်နှင့် အိတ်ဆောင်အိတ် သယ်ယူပို့ဆောင်သည့်စနစ်များကို ဆိုက်ဘာတိုက်ခိုက်မှုနှင့် ကြုံတွေ့ခဲ့ရပါသည်။ ဟက်ကာများအနေဖြင့် မတူညီသော လေကြောင်းလိုင်းများက တူညီသော Check-In Desks များကို အသုံးပြုခွင့်ပေးသည့် IT စနစ် တစ်ခုကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းကြောင့် လေယာဉ်ချိန်များ နှောင့်နှေးကြန့်ကြာခြင်း၊ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းနှင့် ခရီးစဉ်များ ဖျက်သိမ်းခြင်းများ ကြုံတွေ့ခဲ့ရပါသည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (Cybersecurity Awareness Month) မှတစ်ဆင့် မိမိအဖွဲ့အစည်းအတွက် သတိပြုဖွယ်အန္တရာယ်များကို ရှောင်ရှားနိုင်ရေးဆောင်ရွက်သင့်သည့် အချက်များ

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးလ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ အနေဖြင့် အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် အဓိကထား ဆောင်ရွက်သင့်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကြောင်းအရာများ၊ အခြေခံအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ပြန်လည်သတိပြုမိစေရေး အသိပေးလျက်ရှိပါသည်။ AI နည်းပညာများ မြင့်မားလာသည်နှင့်အညီ AI ကို အသုံးပြု၍ Phishing ၊ Deepfakes ၊ Impersonation စသည့် အန္တရာယ်များ၊ ပုံမှန်တိုက်ခိုက်မှု နည်းလမ်းများမှတစ်ဆင့် AI ကို အသုံးပြု၍ ချိုးဖောက်မှုဖြစ်နိုင်သည့် တိုက်ခိုက်မှုများအတွက် အစိုးရဌာနများအနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုက်ခိုက်ခံခဲ့ရသည့် ဖြစ်ရပ်များအပေါ် မူတည်၍ Incident Response Plan ၊ Forensic Capability ၊ Threat-Hunting Function ၊ Continuous Monitoring စသည့် အချက်များကို သက်ဆိုင်ရာ တာဝန်ခံဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ

နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်သွားသင့် ပါသည်။

ထို့အပြင် ဆိုက်ဘာလုံခြုံရေးအတွက် အန္တရာယ်ရှိမှုအခြေအနေကို (Risk Posture) ပြန်လည်သုံးသပ်ခြင်း၊ သုံးသပ်လေ့လာထားသည့် အခြေအနေပေါ်မူတည်၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို အဆင့်မြှင့်တင်ရန် စီမံချက်ချဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာ စက်ပစ္စည်းများ၊ ဆော့ဖ်ဝဲများ၊ နည်းပညာများခိုင်မာ အားကောင်းစေရန် ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဝန်ထမ်းများ ဒီဂျစ်တယ်ဆိုင်ရာ တတ်မြောက်မှုနှုန်း မြင့်မားစေရေးနှင့် ဆိုက်ဘာလုံခြုံရေးအတွက် တစ်ဦးချင်းစီကလိုက်နာ ဆောင်ရွက်နိုင်သည့် အခြေခံလုံခြုံရေးဆိုင်ရာ လိုက်နာဆောင်ရွက်သင့်သည့် အချက်များကို လိုက်နာဆောင်ရွက်ရန် အသိပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

နိဝံးချုပ်အနေဖြင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (Cybersecurity Awareness Month) မှတစ်ဆင့် မိမိအဖွဲ့အစည်းအတွက် သတိပြုဖွယ် အန္တရာယ်များကို ရှောင်ရှားနိုင်ရေးအတွက် မိမိတို့၏ ဒီဂျစ်တယ်ဆိုင်ရာဝန်ဆောင်မှုများ၊ အီလက်ထရောနစ် အစိုးရဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဖြစ်ပေါ်လာနိုင်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အခြေခံမှစ၍ ခိုင်မာစေရေး လိုအပ်သည့် နည်းပညာပိုင်း ဆိုင်ရာ၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

Source: https://etedge-insights.com/technology/cyber-security/cybersecurity-awareness-month-10-things-to-know-in-2025/

ဒေါ်ခင်ငြိမ်းငြိမ်းဝင်းစံ
လက်ထောက်ညွှန်ကြားရေးမှူး
စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

တရုတ်နိုင်ငံမှ ရုရှားနိုင်ငံကို ထောက်ပံ့ပေးခြင်းသည် အနောက်နိုင်ငံများက ယူကရိန်းနိုင်ငံအား ပံ့ပိုးသလောက်သာရှိကြောင်း ပြောကြား

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ၂၀၂၅ ခုနှစ်တွင် နှစ်ကြိမ်တိုင်တိုင် ပုံမှန်မဟုတ်သော်လည်း မကြာခဏဆိုသလို တွေ့ဆုံလျက်ရှိပြီး ၎င်းတို့၏ အစိုးရအဖွဲ့ အကြီးအကဲများ၏ နှစ်စဉ်အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိသည်။ နိုဝင်ဘာလ ၃ ရက်နှင့် ၄ ရက်နေ့တွင် ဝန်ကြီးချုပ် မီခါအီလ် မီရှူစတင်သည် ဝန်ကြီးချုပ် လီချန်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက်ပိုင်းမှစ၍ အကြိမ် (၃၀) မြောက် တွေ့ဆုံခြင်းဖြစ်သည်။

အဆိုပါ တွေ့ဆုံမှုများသည် ၎င်းတို့ အဓိကပါဝင်နေသည့် BRICS နှင့် SCO ကဲ့သို့သော အဖွဲ့အစည်းများမှတစ်ဆင့် နှစ်နိုင်ငံကြား အပြန်အလှန် ဆက်ဆံရေးများနှင့်အတူ မော်စကိုနှင့် ပေကျင်းအကြား **"အကန့်အသတ်မဲ့ မိတ်ဖက်ဆက်ဆံရေး"** အဖြစ် ဖော်ညွှန်းလျက်ရှိသည်။

မစ္စတာ မီရှူစတင်သည် ၎င်း၏ ဟန်ကျိုးနှင့် ပေကျင်း ခရီးစဉ်အတွင်း မစ္စတာရှီနှင့် တွေ့ဆုံခဲ့ပြီး ယင်းခရီးစဉ်သည် ဒေါ်နယ်ထရမ့်၏ ဒုတိယအကြိမ် သမ္မတသက်တမ်းအတွင်း ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် အမေရိကန်-တရုတ် သမ္မတထိပ်သီး အစည်းအဝေးအပြီးတွင် ဖြစ်သည်။

အောက်တိုဘာလ ၃၀ ရက်နေ့တွင် တောင်ကိုရီးယား၌ မစ္စတာ ထရမ့်နှင့် မစ္စတာရှီတို့သည် ပြင်းထန်လာသည့် ၎င်းတို့၏ ကုန်သွယ်ရေးစစ်ပွဲတွင် ယာယီအပစ်အခတ်ရပ်စဲရေးကို သဘောတူ ခဲ့ကြပြီး သွင်းကုန်ခွန်များနှင့်မြေရှား သတ္တုတင်ပို့မှု ထိန်းချုပ်ရေးများကို လျှော့ချခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦးသည် ယူကရိန်းအရေးကို ဆွေးနွေးခဲ့ကြသော်လည်း ရုရှားစစ်ပွဲကို ရန်ပုံငွေ ထောက်ပံ့ပေးသော ရုရှားရေနံကို တရုတ်မှဝယ်ယူလျက် ရှိသည့် ကိစ္စရပ်အား ဆွေးနွေးခဲ့ခြင်းမရှိကြောင်း မစ္စတာ ထရမ့်က ပြောကြားခဲ့သည်။

အောက်တိုဘာလ ၂၃ ရက်နေ့တွင် မစ္စတာ ထရမ့်က ရုရှား၏ အဓိကရေနံကုမ္ပဏီကြီး နှစ်ခုဖြစ်သည့် Rosneft နှင့် Lukoil တို့အပေါ် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို ကြေညာခဲ့ပြီး ယင်းသည် မစ္စတာ ပူတင်ကိုစေ့စပ်ဆွေးနွေးပွဲ ပြုလုပ်ရန် ဖိအားပေးခြင်းဖြစ်သည်။ ရုရှားအပေါ် ဖိအားပေးမှု တင်းကြပ်ခြင်းသည် ယခုအချိန်အထိ မစ္စတာထရမ့်၏ ချဉ်းကပ်ပုံနှင့် ကွဲလွဲနေပြီး အဆိုပါ

ပိတ်ဆို့အရေးယူမှုများသည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အပြည့်အဝ အသက်ဝင်ရန် စီစဉ်ထားသည်။

ရလဒ်အနေဖြင့် တရုတ်နိုင်ငံပိုင် ရေနံချက်စက်ရုံများက ရုရှားကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့် ၎င်းတို့၏ စာချုပ်အချို့ကို စတင်ဖျက်သိမ်းလျက်ရှိကြောင်း အချို့သော သတင်းအချက်အလက် များ၌ ဖော်ပြကြသည်။ ယင်းသည် မစ္စတာ ထရမ့်၏ တရုတ်နိုင်ငံနှင့် ကုန်သွယ်ဆက်ဆံရေးကို ထိခိုက်စေနိုင်သည့် အခြားသော ဒုတိယအဆင့် ပိတ်ဆို့အရေးယူမှုများ ထပ်မံချမှတ်ခြင်းမှ ရှောင်ရှားနိုင်ရန် လုံလောက်သောအချက်ဖြစ်လာပေလိမ့်မည်။

မစ္စတာ ထရမ့်အနေဖြင့် ယူကရိန်းတွင် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် အတွက် အမေရိကန်၏ သိသာထင်ရှားသော စီးပွားရေး ဖိအားပေးနိုင်စွမ်း (Economic Leverage) ကို ပိုမိုပြတ်သားစွာ အသုံးပြုရန် ဆုံးဖြတ်ခဲ့လျှင်ပင် တရုတ်နိုင်ငံအနေဖြင့်လည်း မည်သည့်ဖိအားပေးမှုကိုမျှ လိုက်လျောလက်ခံဖွယ် မရှိပေ။

မစ္စတာလီနှင့် မစ္စတာမီရှူစတင်တို့ တွေ့ဆုံပြီးနောက် ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်တွင် တရုတ်နှင့် ရုရှားတို့သည် အချင်းချင်းအား ဦးစားပေး မိတ်ဖက်များအဖြစ် အမြဲတမ်း သတ်မှတ်သွားမည်ဖြစ်ပြီး တစ်ဖက်သတ် အတင်း အကြပ် ဆောင်ရွက်သည့် လုပ်ဆောင်ချက်များကို ဆန့်ကျင်ရာတွင်ပူးပေါင်း ဆောင်ရွက်ကာ ပြင်ပစိန်ခေါ်မှုများကို သင့်လျော်စွာတုံ့ပြန်သွားမည် ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ပူးတွဲကြေညာချက်တွင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေး၊ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေး၊ အချုပ်အခြာ အာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ရေးတို့အား ထောက်ခံ ကြောင်းနှင့် ရုရှားနိုင်ငံ၏ ပြည်တွင်းရေးရာများတွင် ပြည်ပမှဝင်ရောက်စွက်ဖက် ခြင်းကို ဆန့်ကျင်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံမှ လိုအပ်လျက်ရှိသော နိုင်ငံခြားဝင်ငွေကို ပံ့ပိုးပေးနေသည့် ရုရှားရေနံနှင့် သဘာဝဓာတ်ငွေ့ကို အဓိကတင်သွင်းသူများထဲမှ တစ်ဦးအဖြစ် ဆက်လက်တည်ရှိ နေသည်။ ထို့အပြင် တရုတ်နိုင်ငံသည် စစ်ဘက်နှင့် အရပ်ဘက်နှစ်မျိုးလုံးတွင် အသုံးပြုနိုင်သော ပစ္စည်းများဖြစ်သည့် ဆီမီးကွန်ဒတ်တာ များနှင့် စက်ကိရိယာများကို အဓိကရောင်းချသူလည်း ဖြစ်သည်ဟု သတင်းများက ဖော်ပြထားသည်။

နောက်ဆုံးအနေဖြင့် တရုတ်နိုင်ငံသည် နှစ်နိုင်ငံအဆင့် (bilateral level) နှင့် ဘက်စုံအဆင့် (multilateral level) များတွင် ရုရှားနိုင်ငံနှင့် ထင်ရှားသော အဆင့်မြင့်ဆက်ဆံရေးများကို ထိန်းသိမ်းခြင်းဖြင့် ရုရှားနိုင်ငံ၏ နိုင်ငံတကာ အထီးကျန် ဖြစ်မှု (international isolation) ကို တားဆီးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပေသည်။


Sources : https://www.channelnewsasia.com/commentary/china-russia-ukraine-war-support-oil-sanctions-5462256

ဒေါ်မြတ်အိန္ဒြေခိုင်
ဦးစီးအရာရှိ
ပြည်တွင်း/ ပြည်ပ ဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

ကမ္ဘာ့ကုန်သွယ်ရေး မူဝါဒ ပြောင်းလဲမှုများကို တိုင်းတာရန် ညွှန်းကိန်းအသစ်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့တို့မှ စီးပွားရေး ပညာရှင်များက ဖော်ထုတ်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့မှ စီးပွားရေးပညာရှင်များက ကုန်သွယ်မှုမူဝါဒများအတွက် ညွှန်းကိန်းအသစ် ရေးဆွဲရန် သုတေသနများဆောင်ရွက်ခဲ့ရာ ၂၀၁၉ - ၂၀၂၀ ခုနှစ်များမှ စတင်၍ ကုန်သွယ်မှု မူဝါဒအသစ်များ သိသိသာသာ မြင့်တက်လာခဲ့ပြီး COVID-19 ကာလ အတွင်း စီးပွားရေးအင်အားကြီး နိုင်ငံများအကြား ကုန်သွယ်ရေးမူဝါဒ ပဋိပက္ခများ မြင့်တက်လာခြင်းနှင့် ပထဝီနိုင်ငံရေး အန္တရာယ်များကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

Dynamic Factor Model ကို အသုံးပြုထားသော ကုန်သွယ်မှု မူဝါဒ ဆောင်ရွက်မှု (Trade Policy Activity) ညွှန်းကိန်းအသစ်သည် နိုင်ငံများနှင့် ကုန်စည်များအပေါ် ကုန်သွယ်မှုမူဝါဒ အစီအမံများ ဆိုင်ရာအချက်အလက်များကို အခြေခံထားပြီး ပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုစောင့်ကြည့်ရေး အချက်အလက် (Trade Monitoring Database) နှင့် Global Trade Alert (GTA) တို့မှ ရယူအသုံးပြုထားပါသည်။



ကုန်သွယ်ရေးမူဝါဒများသည် ဆယ်စုနှစ်တစ်ခုကျော်ကြာ တည်ငြိမ်နေရာမှ ၂၀၁၉-၂၀၂၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ကုန်သွယ်ရေးမူဝါဒကို ပိုမိုကျယ်ပြန့်သည့် ရည်မှန်းချက်များ (ဥပမာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စက်မှုမူဝါဒ သို့မဟုတ် လုံခြုံရေး) အတွက် သိသိသာသာ အသုံးပြုလာကြောင်း၊ ထို့ပြင် အမေရိကန်-တရုတ် အကောက်ခွန် (၂၀၁၈-၂၀၁၉)၊ ကိုဗစ်-၁၉ ကပ်ရောဂါ (၂၀၂၀)၊ ယူကရိန်းစစ်ပွဲ (၂၀၂၂) တို့ ဖြစ်ပွားခြင်း စသည့် သံသရာလည်နေသော မူဝါဒများနှင့် ယာယီမူဝါဒများကိုလည်း ညွှန်းကိန်းက ဖော်ပြနိုင်ပါသည်။ ညွှန်းကိန်း သည် ကုန်သွယ်မှု မူဝါဒများ၏ ယေဘုယျအရွေ့ (common dynamics of trade policy) ကို ဖော်ပြနိုင်သကဲ့သို့ အဆိုပါ အရွေ့များအကြား ကွာဟမှု (varying dynamics) ကိုလည်း ဖော်ပြနိုင်ပါသည်။

အခြားကုန်သွယ်မှုနည်းလမ်းများနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး နည်းလမ်းများကြားကွာဟမှုကို ခွဲခြားဖော်ပြထားပြီး WTO ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် စတင်အကောင်အထည် ဖော်သည့် ၂၀၁၇ ခုနှစ်မှစ၍ မူဝါဒကွဲလွဲမှုများ သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရှိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ယူကရိန်းစစ်ပွဲကဲ့သို့သော အရေးပေါ်ကာလများတွင် နိုင်ငံအများစုသည် ဆေးပစ္စည်းများနှင့် ကုန်ကြမ်းကဲ့သို့သော ကုန်စည်များ ပြတ်လပ်မှုနှင့် စျေးနှုန်းကြီးမြင့်မှုကို ကျော်လွှားနိုင်ရန် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနည်းလမ်းများကို အခြားကုန်သွယ်မှုနည်းလမ်းများ နှင့်အတူတိုးမြှင့်ကျင့်သုံးခဲ့ကြောင်း တွေ့ရှိရပါသည်။

ညွှန်းကိန်းအသစ်သည် အစိုးရများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဗျူဟာမြောက်သုံးသပ်ချက်များကို လျင်မြန်စွာ ပံ့ပိုးပေးနိုင်ပြီး မူဝါဒချမှတ်သူများအတွက် ဖြစ်နိုင်ချေရှိသော မူဝါဒပြောင်းလဲမှုများအား သတိပေးနိုင်ပါသည်။ TPA ညွှန်းကိန်းကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ရန် **“big data”** အစား **“nowcast”** ကို အသုံးပြုရန် ပညာရှင်များက အဆိုပြုထားပြီး လက်ရှိတွင် အဆိုပါ ညွှန်းကိန်းကို စမ်းသပ်ကာလအဖြစ် အသုံးပြုမည်ဖြစ်ကာ ပွင့်လင်းမြင်သာမှုနှင့် ဆွေးနွေးမှုများကို ပိုမိုမြှင့်တင်နိုင်ရန် အရေးကြီးယန္တရားတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ တင်ပြထားကြောင်း သိရှိရပါသည်။

Source: https://commerce.gov.mm/my/article/update-news-international-trade/32716

ဦးအောင်မြင့်သန့်
ဒုတိယဦးစီးမှူး
အာရှနှင့်အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

တရုတ်နိုင်ငံမှ ဂါလီယံ၊ ဂျာမေနီယမ်နှင့် ခနောက်စိမ်း သတ္တုဖြည်စင်များကို အမေရိကန်နိုင်ငံသို့တင်ပို့ရန် တားမြစ်ထားရာမှ အကန့်အသတ်ဖြင့်ပြန်လည်ခွင့်ပြု



တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံသို့ ဂါလီယမ်၊ ဂျာမေနီယမ်နှင့် ခနောက်စိမ်းများ တင်ပို့မှု တားမြစ်ချက်ကို ရပ်ဆိုင်းလိုက်ကြောင်း တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ သို့ရာတွင် အဆိုပါ သတ္တုသုံးမျိုး တင်ပို့ရာတွင် ဦးစွာ တရုတ်အစိုးရထံမှ တင်ပို့ခွင့်လိုင်စင်ရယူရန် လိုအပ်မည်ဖြစ်ပြီး ပိုမိုကျယ်ပြန့်သော ပို့ကုန်ထိန်းချုပ်မှုအောက်တွင် ရှိနေပါသေးသည်။ အမေရိကန်သည် တရုတ်နိုင်ငံ၏ ချစ်ပ်ကဏ္ဍအပေါ် ကန့်သတ်ချက်အသစ်များကို ချမှတ်ခဲ့သဖြင့် အဆိုပါလုပ်ရပ် အပေါ်တုံ့ပြန်သည့် အနေဖြင့် တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း အမေရိကန်သို့ အဆိုပါသတ္တုသုံးမျိုး တင်ပို့မှုကို ကန့်သတ်ခဲ့ပါသည်။

အဆိုပါ တားမြစ်ချက်ကြောင့် အမေရိကန် သတ္တုအသုံးပြုသူများနှင့် တင်သွင်းသူအချို့အကြား ပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ပြီး တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ fiber-optic ကြိုးများ၊ ခဲယမ်းမီးကျောက်များနှင့် မီးသတ်ဆေးများစသည့် ထုတ်ကုန်များတွင် အသုံးပြုသည့် ပစ္စည်းများကို လက်ဝယ်ရရှိနိုင်ရန် တတိယနိုင်ငံများကို လမ်းကြောင်းပြောင်း၍ တင်ပို့ခြင်းဖြင့် ပြေလည်အောင်လုပ်ဆောင်ခဲ့ကြပါသည်။

တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ မကြာသေးမီက တွေ့ဆုံပြီးနောက် တရုတ်နိုင်ငံ၏ ဓာတ်သတ္တုတင်ပို့မှုထိန်းချုပ်ရေးကို တရုတ်နိုင်ငံက နောက်ဆုံးဖြေလျှော့မှုပေးလိုက်ခြင်း ဖြစ်ပါ

သည်။ အဆိုပါဖြေလျှော့မှုသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

သို့သော်လည်း အဆိုပါသတ္တုများ တင်ပို့မှုခွင့်ပြုရန် ဆုံးဖြတ်ချက်သည် သတ္တုသုံးမျိုးကို နှစ်မျိုးသုံးတင်ပို့မှု ထိန်းချုပ်စာရင်းတွင် ယခင်ဆုံးဖြတ်ချက်အတိုင်း ဆက်လက်ထည့်သွင်းထားမည် ဖြစ်သောကြောင့် ပို့ကုန်လုပ်ငန်းရှင်များသည် ပြည်ပရောင်းချမှုအတွက် တရုတ်အစိုးရထံမှ လိုင်စင်များလိုအပ်နေပါသည်။ တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် အမေရိကန်သို့ နှစ်မျိုးသုံး ဂရပ်ဖိုက်အမျိုးအစားအချို့ကို တင်ပို့ရန် လိုင်စင်လျှောက်ထားသည့် ပို့ကုန် လုပ်ငန်းရှင်များအတွက် တင်းကျပ်သော စစ်ဆေးမှုများကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ဆိုင်းငံ့ထားပေး ကြောင်း သိရှိရပါသည်။

Source: https://www.reuters.com/world/china/china-suspends-ban-exports-gallium-germanium-antimony-us-2025-11-09/

ဒေါ်ထက်နန္ဒာကျော်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

လာအိုနိုင်ငံက ပထမဆုံးဒစ်ဂျစ်တယ်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူ



လာအိုနိုင်ငံသည် ၎င်း၏ ပဉ္စမမြောက်လူဦးရေနှင့် အိမ်ရာသန်းခေါင်စာရင်း ကောက်ယူမှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နိုဝင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ဆောင်ရွက်လျက် ရှိပါသည်။ အမျိုးသား လူမှုစီးပွားဖွံ့ဖြိုး တိုးတက်မှုအစီအစဉ်ကို အကောင်အထည်ဖော်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်မှုရှိစေရန် လူဦးရေနှင့်အိမ်ရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဖြစ်သည်။



The Lao Statistics Bureau and the Ministry of Finance convened development partners in the 6th Stakeholder Briefing Meeting on the 2025 Population and Housing Census of Lao PDR

သန်းခေါင်စာရင်းသည် လူဦးရေ၊ ဖွဲ့စည်းပုံ၊ ကြီးထွားမှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ အချက်အလက်အပြင် လူမျိုးရေး၊ မသန်စွမ်းမှု၊ အိမ်ရာ၊ ပညာရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များကို စုဆောင်းကောက်ယူမည်ဖြစ်သည်။ ရလဒ်များသည် တိုင်းရင်းသား လူမျိုးစုအားလုံးတွင် နေထိုင်မှုဆိုင်ရာ အခြေအနေများကို သိမြင်စေမည်ဖြစ်ပြီး အစိုးရ၏မူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို လမ်းညွှန်ပေးနိုင်မည်ဖြစ်ကြောင်း လာအိုသတင်းအေဂျင်စီက နိဝင်ဘာ ၅ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါလုပ်ငန်းစဉ်ကို လေးနှစ်ကြာ ပြင်ဆင်ပြီးနောက် လာအိုနိုင်ငံ၏ ပထမဆုံးဒစ်ဂျစ်တယ် လူဦးရေသန်းခေါင် စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ဒစ်ဂျစ်တယ်စနစ်သည် အချက်အလက်တိကျမှုနှင့် သုံးစွဲနိုင်မှုကို တိုးတက်စေပြီး အမျိုးသား စာရင်းအင်းစနစ်ကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.mdn.gov.mm/my/laaaiuniungngnk-pthmchundcgcttyluuuure-snkhengcaarng-keaakyuu

ဦးလှမိုးသူ
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

အိန္ဒိယနှင့် နယူးဇီလန်တို့သည် အောကလန်မြို့တွင် စတုတ္ထအကြိမ်မြောက် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ် (FTA) ဆွေးနွေးပွဲများစတင်

အိန္ဒိယနှင့် နယူးဇီလန်တို့သည် ၎င်းတို့၏ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ချုပ်ဆိုရေးအတွက် စတုတ္ထအကြိမ် ဆွေးနွေးပွဲများကို စတင်ခဲ့ပြီး ၎င်းသည် နှစ်နိုင်ငံအကြား စီးပွားရေး ဆက်ဆံမှု ခိုင်မာစေရန်အတွက် နောက်ထပ် အဓိကခြေလှမ်းတစ်ခုဖြစ်လာခဲ့ပါသည်။ နိုဝင်ဘာလ ၃ ရက်မှ ၇ ရက် အထိ အောကလန်မြို့တွင်ကျင်းပမည့် ဆွေးနွေးပွဲများသည် နှစ်နိုင်ငံအကြား ဟန်ချက်ညီ၍ အားလုံးပါဝင်နိုင်ပြီး အပြန်အလှန်အကျိုးရှိသော မိတ်ဖက်ဆက်ဆံရေး တစ်ရပ်တည်ဆောက်ရေးဆိုင်ရာ ဆွေးနွေးမှုများကို မြှင့်တင်ရန်ရည်ရွယ်ပါ သည်။

လက်ရှိဆွေးနွေးပွဲသည် ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ ဝန်ဆောင်မှု ကုန်သွယ်ရေးနှင့် ကုန်စည်ကုန်သွယ်ရေး စသည့် အရေးကြီးသော နယ်ပယ်များကို အလေးထားဆွေးနွေးခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်လုံးမှ ယခင်ဆွေးနွေးမှုများတွင် ဖြေရှင်းရန်ကြန့်ကြာနေသည့် ကိစ္စရပ်များဖြေရှင်းရန်နှင့် သဘောတူစာချုပ်ကို လျင်မြန်စွာ အပြီးသတ်ဆွေးနွေးရန် ဆောင်ရွက် ခဲ့ကြပါသည်။



၂၀၂၅ ခုနှစ် မတ်လတွင် နယူးဇီလန် ဝန်ကြီးချုပ် Christopher Luxon ၏ အိန္ဒိယနိုင်ငံ ခရီးစဉ်ပြီးနောက် ညှိနှိုင်းမှုများ အရှိန်အဟုန် ပြန်လည်မြင့်တက်လာခဲ့ပြီး ထိုခရီးစဉ်အတွင်း နှစ်နိုင်ငံစလုံးက စီးပွားရေးဆက်ဆံမှုကို နက်ရှိုင်းစေရန် ၎င်းတို့၏ ရည်ရွယ်ချက်ကို ထပ်လောင်း အတည်ပြုခဲ့ကြပါသည်။ ၂၀၂၅ ခုနှစ် မတ်လ ၁၆ ရက်၊ အိန္ဒိယနိုင်ငံ၏ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး နှင့် စက်မှုဝန်ကြီး Piyush Goyal နှင့် နယူးဇီလန်နိုင်ငံ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Todd McClay တို့၏ တွေ့ဆုံမှုအတွင်း လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် လုပ်ငန်းစဉ်ကို တရားဝင်စတင်ခဲ့ပါသည်။

ရေရှည်တည်တံ့သော တိုးတက်မှုနှင့် အောင်မြင်မှုကို မြှင့်တင်ပေးသည့် ရှေ့သို့မျှော်ကြည့်၍ အားလုံးပါဝင်သော ကုန်သွယ်ရေးမူဘောင်အပေါ် ၎င်းတို့၏ ကတိကဝတ်ကို ထပ်လောင်း အတည်ပြုခဲ့ကြပြီး နှစ်ဖက်စလုံးမှ အရာရှိများက ဆွေးနွေးပွဲများအပေါ် အပြုသဘောဆောင်သော မှတ်ချက်များကို ဖော်ပြခဲ့ကြပါသည်။

သဘောတူညီစာချုပ် ချုပ်ဆိုပြီးသည်နှင့် ဈေးကွက်ဝင်ရောက်ခွင့်ကို မြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုကို မြှင့်တင်ရန်နှင့် နည်းပညာ၊ စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် အဓိကကဏ္ဍ များတွင် ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းအသစ်များကို မြှင့်တင်နိုင်ရန် မျှော်မှန်းထားပါသည်။

Source: https://ddnews.gov.in/en/india-new-zealand-begin-fourth-round-of-fta-negotiations-in-auckland/

ဒေါ်နီလာဝင်း
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

အီဂျစ်ယဉ်ကျေးမှု တစ်ခုတည်းကိုသာ ပြသသည့် ကမ္ဘာ့အကြီးဆုံး ပြတိုက်ကြီး ဖွင့်လှစ်

အီဂျစ်နိုင်ငံမှ ကမ္ဘာ့အကြီးဆုံးပြတိုက် Grand Egyptian Museum (GEM) ကို ယမန်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါပြတိုက်ကြီးကို ဆယ်စုနှစ် နှစ်ခုကြာ တည်ဆောက်ခဲ့ပြီး ၎င်း၏ ကြွယ်ဝသော အမွေအနှစ်များကို ပြသထားရှိမည်ဖြစ်သည်။



ပြတိုက်ကြီးဖွင့်ပွဲ အခမ်းအနားသို့ အီဂျစ်သမ္မတအယ်လ်စီစီ၊ နိုင်ငံ ခေါင်းဆောင်များ၊ တော်ဝင်မိသားစုများနှင့် အစိုးရ အရာရှိများ အပါအဝင် ကမ္ဘာတစ်ဝန်းမှ ကိုယ်စားလှယ် ၇၉ ဦး တက်ရောက်ခဲ့သည်။ ပြတိုက်သည် မြို့တော်ကိုင်ရို အပြင်ဘက်ရှိ ဂီဇာမြို့၌တည်ရှိပြီး အီဂျစ်လူမျိုးများသည် ယဉ်ကျေးမှုကို ထိန်းသိမ်းသူများ ဖြစ်သည့်အပြင် ငြိမ်းချမ်းရေး ကိုယ်စားလှယ်များလည်းဖြစ်ကြောင်း၊ ထို့ပြင် ပြတိုက်ဖွင့်လှစ်ခြင်းသည် ပစ္စုပ္ပန်နှင့် အနာဂတ်သမိုင်း၏ အခန်းသစ် စာမျက်နှာကို ရေးသားခြင်းဖြစ်ကြောင်း အီဂျစ်သမ္မတအယ်လ်စီစီက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Grand Egyptian Museum ပြတိုက်ကြီးသည် အီဂျစ်ယဉ်ကျေးမှု တစ်ခုတည်းကိုသာ ပြသထားသည့် ကမ္ဘာပေါ်ရှိ အကြီးဆုံးပြတိုက်ဖြစ်သည်။ ပြတိုက်သည် စတုရန်းမီတာ ၅၀၀,၀၀၀ နီးပါး ကျယ်ဝန်းပြီး နှစ်ထောင်ပေါင်းများစွာ အီဂျစ်သမိုင်းတစ်လျှောက် ပြိုင်ဘက်ကင်းသောရှေးဟောင်းပစ္စည်း ၁၀၀၀၀၀ ကျော်ကို စုစည်းထားရှိမည်ဖြစ်သည်။

ဘုရင် တူတန်ခမန်၏ အထင်ကရ ရွှေမျက်နှာဖုံး နှင့် ခေါင်းတလားနှစ်ခု အပါအဝင် အခြားသောပစ္စည်းများ စုစည်းထားရှိမှု တို့ကို ပြသထားမည်ဖြစ်သည်။ ၁၉၂၂ ခုနှစ်တွင် ၎င်း၏အုတ်ဂူကို ရှာဖွေတွေ့ရှိပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြတိုက်ကြီး၌ ပြသခြင်းဖြစ်သည်။

Source: https://mdn.gov.mm/my/aiigcynykemuttckhuttnnykiusaa-pssnny-kmbhaaakiichun-pttiukkii-phnglc

ဒေါ်ထက်ထက်လွင်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

Singapore Pools ကုမ္ပဏီက အီလက်ထရောနစ် ငွေပေးချေမှုများအတွက် ငွေလွှဲပြောင်းကြေးများ ကောက်ခံ

Singapore Pools ကုမ္ပဏီက NETS နှင့် PayNow ကဲ့သို့သော အီလက်ထရောနစ် ငွေပေးချေမှု အသုံးပြုသူများကို ငွေလွှဲပြောင်းကြေးများ အင်္ဂါနေ့ (နိုဝင်ဘာ ၁၁) မှစတင်၍ ကောက်ခံသွားမည်ဖြစ်သည်။ ငွေလွှဲပြောင်းကြေးများနှင့် စပ်လျဉ်း၍ မိတ်ဖက်ဘဏ်များ၊ စက်ဘူဘဏ်များအသင်း (ABS) နှင့် NETS တို့နှင့် ပြန်လည်သုံးသပ်ပြီးနောက် Singapore Pools ကုမ္ပဏီက အင်္ဂါနေ့ (နိုဝင်ဘာလ ၁၁) ရက် သတင်းထုတ်ပြန်ချက်တွင် အဆိုပါဆုံးဖြတ်ချက်ကို ပြောကြားခဲ့သည်။

မိတ်ဖက်ဘဏ်များနှင့် NETS တို့နှင့် လက်ရှိစာချုပ်များကို ပြန်လည်သုံးသပ်မှုပြုလုပ်ခဲ့ပြီး PayNow နှင့် NETS တို့နှင့် ဆက်နွယ်သော ဝန်ဆောင်မှုများအတွက် ငွေလွှဲပြောင်းကြေးများ ကောက်ခံရန်ဆုံးဖြတ်ခဲ့ကြောင်း Singapore Pools ကုမ္ပဏီက ပြောကြားခဲ့သည်။

အကျိုးဆက်အနေဖြင့် Singapore Pools ကုမ္ပဏီက PayNow၊ FAST နှင့်

NETS အပါအဝင် အခြား သော e-payment အသုံးပြုသူများ အတွက် ငွေလွှဲ ပြောင်းကြေးများ ကောက်ခံမည်ဖြစ် ကြောင်း ပြောကြား ခဲ့သည်။ Singapore Pools ကုမ္ပဏီ သည် ယခင်က PayNow ငွေပေးချေမှု တိုင်းအတွက် ဝန်ဆောင်ခ ၁၀ ဆင့်ကို ဝန်ဆောင်မှုသုံးစွဲ သူများထံမှ တောင်းခံလျက်ရှိသည်။



ABS ဒါရိုက်တာ Ong-Ang Ai Boon က PayNow ကို အသုံးပြုသူများ အတွက် ငွေလွှဲပြောင်းကြေးကို ကောက်ခံရန် Singapore Pools ကုမ္ပဏီ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ပြောကြား ခဲ့သည်။ အဓိကကျသော စနစ်နှင့်လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အပြောင်းအလဲများ လုပ်ဆောင်ရန် ရပ်ဆိုင်းထားမည်ဖြစ် ပါသည်။လိုအပ်သောကြောင့် eNETS ဆိုင်ရာ ငွေပေးချေမှုများကို ထပ်မံအမိန့် မထုတ်မချင်း ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.channelnewsasia.com/singapore/singapore-pools-transaction-fees-paynow-nets-5459066

ဦးထွန်းပြည့်စုံအောင်
ဒုတိယဦးစီးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

Elon Musk သည် “Wikipedia” ၏ အခြားရွေးချယ်စရာတစ်ခုအဖြစ် “Grokipedia” ကို စတင်ကြေညာ

Grokipedia သည် အီလွန်မက်စ်၏ AI chatbot ဖန်တီးမှုတစ်ခုဖြစ်သည်။ လူသားတို့က ဝီကီပီးဒီးယား (Wikipedia) အတွက် ဆောင်းပါးများ ရေးသား ပြင်ဆင်ကြသည်။

နည်းပညာဘီလျံနာဖြစ်သည့် အီလွန်မက်စ်သည် Wikipedia ထက် ၎င်း၏ ရှေးရိုးဆန်သော နိုင်ငံရေးအမြင်များနှင့် ပိုမိုနီးစပ်စေရန် ညာဏ်ရည်တုဖြင့် လှုံ့ဆော်ပေးထားပြီး ဒီဇိုင်းထုတ်ထားသည့် Grokipedia အမည်ရှိ အွန်လိုင်း

စွယ်စုံကျမ်းကို တနလ်ာနေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။ အီလွန်မက်စ်သည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ ဉာဏ်ရည်တုနှင့် ဒီဂျစ်တယ်ငွေကြေးဆိုင်ရာ အဆင့်မြင့် အကြံပေးအရာရှိဖြစ်သူနှင့် နည်းပညာရင်းနှီးမြှုပ်နှံသူ David Sacks ထံမှ အကြံပြုချက်တစ်ခု ရရှိပြီးနောက် Wikipedia နှင့် ယှဉ်ပြိုင်ရန် ဆောင်ရွက်နေကြောင်း ပြီးခဲ့သည့်လက ကြေညာခဲ့သည်။



AI မှ ထုတ်လုပ်ထားသော စွယ်စုံကျမ်းသည် **“လူ့အဖွဲ့အစည်းအတွက် အလွန်အရေးကြီးပြီး စကြဝဠာကို နားလည်ရန်”** အတွက် လိုအပ်သော အဆင့်တစ်ဆင့် ဖြစ်လိမ့်မည်ဟု အီလွန်မက်စ်က X တွင် ပြောကြားခဲ့သည်။ Grokipedia သည် Wikipedia ၏ လုပ်ဆောင်မှုနှင့် အဓိကကွာခြားချက်မှာ လူသားစာရေးဆရာများ မရှိခြင်းဖြစ်သည်။ စေတနာ့ဝန်ထမ်းများက Wikipedia ကို မကြာခဏ အမည်မဖော်ဘဲ ရေးသားတည်းဖြတ်ကြသော်လည်း Grokipedia တွင် ၎င်း၏ ဆောင်းပါးများကို AI Chatbot ဖြစ်သည့် Grok က အချက်အလက်များကို စစ်ဆေးမည်ဟု ပြောကြားခဲ့သည်။

အစပိုင်းတွင် အချို့သော Grokipedia ထည့်သွင်းမှုများသည် Wikipedia ပေါ်တွင် အခြေခံသည်ဟုဆိုသည်။ သို့သော် အီလွန်မက်စ်က Grok သည် Wikipedia စာမျက်နှာများကို သတင်းရင်းမြစ်များအဖြစ် အသုံးပြုခြင်းကို ယခုနှစ်ကုန်တွင် ရပ်တန့်စေလိုကြောင်း ပြောကြားခဲ့သည်။

Grokipedia စီမံချက်သည် အင်တာနက်၏ လူကြည့်အများဆုံး ဝဘ်ဆိုဒ်တစ်ခုဖြစ်သည့် Wikipedia နှင့် ယှဉ်ပြိုင်မည့် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် အီလွန်မက်စ်၏ ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ Similarweb ၏ အချက်အလက်များအရ Wikipedia သည် ကမ္ဘာ့တစ်ဝှမ်း လာရောက်ကြည့်ရှုမှုတွင် အဆင့် ၉ နေရာတွင် ရှိပါသည်။ ကြီးမားသည့် နည်းပညာဆိုင်ရာ ပလက်ဖောင်းများသည် အင်တာနက်ကို လွှမ်းမိုးချုပ်ကိုင်သည့် အချိန်မတိုင်ခင်က Wikipedia သည် ပွင့်လင်း၍ ဒီမိုကရေစီ အမြင်ကို ကိုယ်စားပြုပါသည်။ ၂၀၀၁ ခုနှစ်တွင် Jimmy Wales နှင့် Larry Sanger တို့မှ စတင်တည်ထောင်ခဲ့ပြီး Wikipedia သည် ဝါသနာရှင်များ အဓိက အားဖြည့်ထားပြီး အကျိုးအမြတ်မယူသော လုပ်ငန်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ၎င်းသည် ကြော်ငြာမဲ့လည်းဖြစ်သည်။

Wikipedia တွင် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးပေါင်း ၇.၁ သန်း ရှိသည်ဟု ဖော်ပြထားပြီး Grokipedia တွင် ဆောင်းပါးပေါင်း ၈၈၅,၀၀၀ ကို ကနဦး ရရှိနိုင်သည်ဟု ဖော်ပြထားသည်။ Grokipedia ကို ဗားရှင်း ၀.၁ အဖြစ် ဖော်ပြထားပြီး နောက်ထပ် updated version များ ထုတ်လုပ်ရန်ရှိကြောင်း ညွှန်ပြထားသည်။

Source: https://www.nbcnews.com/tech/tech-news/elon-musk-launches-grokipedia-alternative-woke-wikipedia-rcna240171

ဒေါ်စိုးမြတ်သန္တာ
လက်ထောက်ညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများ နှင့်ပူးပေါင်းဆောင်ရွက်မှု ဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ ဟာနီဒါလေဆိပ်တွင် ဒီဇင်ဘာလမှစ၍ ခရီးသွားဆွဲဆောင်မှုအဖြစ် ကမ္ဘာ့အကြီးဆုံး ဇရာမ ဂေါ်ဇီလာရုပ်တု ထားရှိမည်



ဂျပန်နိုင်ငံ၊တိုကျိုမြို့၊ ဟာနီဒါလေဆိပ်တွင် ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ပြီး ခရီးသွားများကို ဖျော်ဖြေမှုတစ်ခုအနေဖြင့် အဆောက်အဦး အတွင်း၌ တွေ့ရသည့် ကမ္ဘာ့အကြီးဆုံး ဂေါ်ဇီလာရုပ်တု ထားရှိသွားမည်ဟု သိရှိရပါသည်။ ဂေါ်ဇီလာရုပ်တုကြီးသည် အဆောက်အအုံတစ်ခုမှ ပေါက်ကွဲထွက်လာသကဲ့သို့ တွားသွားဝင်ရောက်လာနေသည့် ပုံဖော်ထားမည်ဖြစ်ပြီး အရှည် ၄၀ မီတာ၊ အမြင့် ၉ မီတာခန့်ရှိမည်ဟု သိရှိရပါသည်။ ရုပ်တုကြီးကို ဟာနီဒါ၏ Terminal 3 ရှိ ခရီးစဉ်ထွက်ခွာရန် စောင့်ဆိုင်းရမည့် ဧည့်ခန်းနေရာတွင် ထားရှိမည်ဖြစ်ပါသည်။

တရားဝင်ဝက်ဘ်ဆိုက်အရ ဂေါ်ဇီလာရုပ်တုကြီးသည် ၁၉၅၄ ခုနှစ်က ထွက်ရှိခဲ့သည့် ဂျပန်နိုင်ငံ၏ ပထမဆုံး Godzilla ရုပ်ရှင်ကို ရည်ညွှန်းသည်ဟု သိရှိရပါသည်။ ၎င်းဖန်တီးမှုသည် နာမည်ကြီး ရုပ်ရှင်စီးရီး၏ ဖန်တီးသူနှင့် ထုတ်လုပ်သူ တိုဟိုနှင့် ဟာနဲဒါလေဆိပ်၏ လေဆိပ် အဆောက်အအုံများတွင် လည်ပတ်နေသည့် ကုမ္ပဏီများကြားက ထွက်ပေါ်လာသည့် ပူးတွဲစီမံကိန်းတစ်ခုဖြစ်ပါသည်။ ရုပ်တုကြီး

အပြင် ရုပ်ရှင်ထဲမှ ဂေါ်ဇီလာဇာတ်ဝင်ခန်း ရုပ်ပုံများကိုလေဆိပ်၏ ဒုတိယထပ် ဆိုက်ရောက်ဧည့်ခန်းခ်ရှိသည့် သတင်းအချက်အလက်ကောင်တာ၏ အထက်တွင် ပြသထားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://npnewsmm.com/news/6912b086051a226215613808

ဒေါ်စန်းစန်းမာ
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ထရမ့် ကိုယ်တိုင်ပြန်လှန်စစ်ဆေးခြင်း- ၎င်း၏ ကုန်သွယ်ခွန်ဝန်ထုတ်ဝန်ပိုးကို အမေရိကန်များ ခံနေရသလား

ယခုတစ်ပတ်အင်တာဗျူးတစ်ခုတွင် ဖော့စ်နယူးစ်မှ အစီအစဉ် တင်ဆက်သူ လော်ရာ အင်ရာဟမ် က ကော်ဖီ ဈေးနှုန်း မြင့်မားသည် ဟု သမ္မတဒေါနယ်ထရမ်ကို သတိပေးခဲ့သဖြင့် သမ္မတ ဒေါနယ်ထရမ်က **“ကော်ဖီနှင့်ပတ်သက်၍ တစ်ချို့သော အခွန်ကို ဖြေလျော့ပေးမည် ဖြစ်ပြီး ကော်ဖီအနည်းငယ်ဈေးကွက်ထဲ ဝင်လာမည်။ အဆိုပါအရာတွေကို အရမ်း လျင်မြန်ပြီး အလွယ်တကူ စနစ်ကျကျ ပြန်လုပ်ပေးမည်”** ဟု ပြန်လည်ဖြေကြားခဲ့သည်။

ကော်ဖီကဲ့သို့ တင်သွင်းရသော ကုန်ပစ္စည်းများအတွက် ချမှတ်ထားသော ကမ္ဘာလုံးဆိုင်ရာ သွင်းကုန်အပေါ်စည်းကြပ်ကောက်ခံသည့်အခွန်များ (Global Tariffs) ကောက်ခံမှု အတွေ့အကြုံအရ ယခုနှစ်တွင် အမေရိကန်လူမျိုးများသည် ကော်ဖီ ဈေးနှုန်းကြီးမားစွာ မြင့်တက်နေမှုကို သတိပြုမိခဲ့ကြသည်။ စက်တင်ဘာလ အတွက် သုံးစွဲသူဈေးနှုန်း အညွှန်းကိန်းဂဏန်းအရ ကော်ဖီဈေးနှုန်းသည် သမ္မတ ဒေါနယ် ထရမ် တာဝန်ယူသည့်ကာလနှင့် နှိုင်းယှဉ်လျှင် ခန့်မှန်းအားဖြင့် ၁၅% ပို၍ ဈေးကြီးကြောင်း ပြသနေပါသည်။ သို့သော် ထရမ်သည် ထိုကဲ့သို့သော အမှန်တရားများကို အသိအမှတ်ပြုခြင်းမရှိခဲ့ပေ။ ဒေါနယ်ထရမ်မှ သွင်းကုန်အပေါ်တွင် စည်းကြပ်ကောက်ခံသည့် အခွန်ကုန်ကျစရိတ်များသည် နိုင်ငံခြားတိုင်းပြည်များက ကျခံပေးခြင်း သို့မဟုတ် နိုင်ငံခြားတိုင်းပြည်နှင့် အမေရိကန်စီးပွားရေး လုပ်ငန်းများ အကြားမျှ၍ ကျခံခြင်းဖြစ်ပြီး စားသုံးသူ အမေရိကန်နိုင်ငံသားများအပေါ် ဈေးနှုန်း

များ မြှင့်တင်ထားခြင်း မရှိကြောင်း နှစ်ပေါင်းများစွာ အခိုင်အမာ ပြောဆိုခဲ့သည်။ ထို့ပြင် ၄င်းမှ အချက်အလက်ကို ထပ်ခါထပ်ခါ စစ်ဆေးခဲ့ပြီးမှ အခွန်ဖြတ်တောက်ခြင်းသည် စျေးနှုန်းများကို လျော့ချပေးနိုင်လိမ့်မည်ဟု ပြောကြားခဲ့ပါသည်။



“အခွန် ဖောင်ဒေးရှင်း အဖွဲ့မှ ဖက်ဒရယ် အခွန်မူဝါဒ၏ ဒုတိယ ဥက္ကဋ္ဌ၊ အဲရီကာရော့ခ်က အခွန်များသည် စားသုံးသူများအား စျေးနှုန်းများ တိုးမြှင့်စေလာသော အခွန်များ ဖြစ်ကြောင်း နားလည်ကြရန်နှင့် ယင်းအခွန်များသည် စားသုံးသူများကို လိမ်ညာနေခြင်းဖြစ်သည်” ဟု ထရမ်၏မှတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ဖော့စ်ပေါ်တွင် တင်ခဲ့သည်။ သမ္မတက နိုင်ငံခြားသားများသည် အခွန်များကို ပေးဆောင်သည်ဟု မကြာခဏ အခိုင်အမာ ပြောကြားခဲ့ပြီး အမေရိကန်လူမျိုးများကို အခွန်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မလိုဟု ပြောကြားခဲ့ပါသည်။ ကော်ဖီများအပေါ် အခွန်များကို ရုပ်သိမ်းမည်ဟု ပြောခြင်းသည် အမေရိကန်စားသုံးသူများအပေါ် အခွန်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို အသိအမှတ်ပြုနေခြင်း ဖြစ်သည်။

အန်ဒရူးဟာနစ်က အများအားဖြင့် တင်သွင်းသော ထုတ်ကုန်အပေါ် အခွန်များကို တင်သွင်းသူများက အစိုးရသို့ ပေးဆောင်ပြီး စီးပွားရေးလုပ်ငန်းရှင်များက နောက်ဆုံးသုံးစွဲသူ များထံသို့ ထပ်ဆင့်၍ ကုန်ကျခဲ့သည့်ကုန်ကျစရိတ် အချို့သို့မဟုတ် အားလုံးကို လွှဲပြောင်းပေးသည်ဟု အခွန်နှင့်ပတ်သက်၍ အတည်ပြုပြောကြားခဲ့သည်။ ထရမ်သည် ဤအဖြစ်မှန်ကို အကြိမ်ကြိမ်ငြင်းဆိုခဲ့ပြီး အထောက်အထားအားလုံးကို ဆန့်ကျင်၍ စားသုံးသူများသည် အခွန်များကြောင့် ဆိုးရွားသော အကျိုးသက်ရောက်မှု မရှိကြောင်း အခိုင်အမာ ပြောဆိုခဲ့သည် ။

၂၀၂၄ ခုနှစ် မဲဆွယ်စည်းရုံးရေးခရီးစဉ်တွင် ဖော့စ်နှင့် အင်တာဗျူးစဉ် အမေရိကန်သည် အခွန်နိုင်ငံတစ်ခု (Tariff Nation) ဖြစ်လာမယ်။ အခွန်သည် သင့်အတွက် ကုန်ကျစရိတ်တစ်ခု ဖြစ်လိမ့်မည် မဟုတ်ဘဲ အခြားနိုင်ငံအတွက် ကုန်ကျစရိတ်တစ်ခု ဖြစ်လိမ့်မည်ဟု ထရမ်က ပြောကြားခဲ့ပြီး ယခုနှစ်မေလတွင် အိမ်ဖြူတော်၌ အခွန်စည်းကြပ်မှု (Tariffs) ဟာ စီးပွားရေး လုပ်ငန်းပုံစံတိုင်းမှာ နားလည်မှု လွဲမှားခံရဆုံးအရာဖြစ်ပြီး အခြားနိုင်ငံများနှင့် ကုမ္ပဏီများကပေးခြင်း ဖြစ်၍ ပြည်သူလူထုက ပေးဆောင်တာ မဟုတ်ဟုပြောကြားခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းသော ငှက်ပျောသီးသည် ဇန်နဝါရီလ နှင့် စက်တင်ဘာလ အတွင်း ပျမ်းမျှစျေးနှုန်း ၈ ရာခိုင်နှုန်း ခန့်မြှင့်တက်ခဲ့သည်ဟု စားသုံးသူစျေးနှုန်း အညွှန်းကိန်းဂဏန်းများက ဖော်ပြခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ပြည်တွင်းတွင် မစိုက်ပျိုးနိုင်သော ငှက်ပျောသီးနှင့် ကော်ဖီများကို အခွန်စနစ်မှ ကင်းလွတ်ခွင့်ပေးရန် ငြင်းဆိုခဲ့ပါက အဆိုပါထုတ်ကုန်များ၏ စျေးနှုန်းများမြင့်တက်လိမ့်မည်ဟူသည့် ယခုနှစ်အစောပိုင်းကာလက ထပ်တလဲလဲ သတိပေးချက်များကို ထရမ်က ပယ်ချခဲ့သည်။ အမေရိကန်၏ အကြီးမားဆုံး ကော်ဖီတင်သွင်းသူဖြစ်သော ဘရာဇီးနိုင်ငံ၏ ကော်ဖီထုတ်ကုန်အပေါ် အခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံမှုသည် ကော်ဖီစျေးနှုန်းများကို မြှင့်တက်လာစေခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန်က နိုဝင်ဘာလ ၁၂ ရက် နေ့ ဖော့စ်နယူးစ် အင်တာဗျူး တစ်ခုတွင် အမေရိကန် ပြည်ထောင်စု၌ မစိုက်ပျိုးနိုင်သော ကော်ဖီ၊ ငှက်ပျောသီး နှင့် အခြားထုတ်ကုန်များသည် လာမည့် ရက်အတွင်း စျေးနှုန်းများ အလျင်အမြန် ကျဆင်းလိမ့်မည်ဟု အတည်ပြုပြောကြားခဲ့သည်။ အခွန်များကြောင့် အဆိုပါထုတ်ကုန်များ၏ စျေးနှုန်းများကို မြှင့်တင်ခဲ့သော ကုမ္ပဏီများသည် အခွန်တစ်စိတ်တစ်ပိုင်းကို လျှော့ချပြီးသည့်တိုင် စျေးနှုန်းများကို လျင်မြန်စွာ လျှော့ချရန် တွန့်ဆုတ်နေခဲ့ကြသည်။

အထူးသဖြင့် ယခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ အကြောင်းအမျိုးမျိုးကြောင့် ကော်ဖီသီးနှံစျေးနှုန်းမြှင့်တက်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၏ စုစုပေါင်း ငွေကြေးဖောင်းပွမှုသည်လည်း ငါးလ ဆက်တိုက် မြင့်တက်ခဲ့ပါသည်။

Sources: Daniel Dale Nov 13, 2025 6:00 AM ET
https://edition.cnn.com/profiles/daniel-dale#:~:text=Daniel%20Dale,quickly%2C%20very%20easily.%E2%80%9D

ဒေါ်ကေခိုင်ဦး
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

ရင်းနှီး/ စီးပွား ပြည့်စွမ်းအား



ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။

www.mifer.gov.mm